၁၈-၆-၂၀၁၁ ရက်နေ့တွင် ကျင်းပခဲ့သည့် (၇၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံ ၏ (၈၃) ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေး တွင် အီးယူ အပါအဝင် ပူးတွဲအဆိုရှင်များမှ တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် အဆို ကို ထောက်ခံမဲ (၁၁၉) မဲ၊ ကန့်ကွက်မဲ (၁) မဲ၊ ကြားနေမဲ (၃၆) မဲ ဖြင့် အတည်ပြုခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက် အဆိုတွင် ပါရှိသည့် အချက်များ အနက် အဓိကအချက် အချို့ ၏ အလွတ်သဘော မြန်မာ ဘာသာပြန်ဆိုချက် မှာ

- ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် အတည်ပြုချက်မှတ်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုများနှင့် လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့တွင် ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်များ၊ မိန့်ခွန်းများကို မှတ်သားဖော်ပြလိုကြောင်း၊
- ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ တွင် မြန်မာ့စစ်တပ်က အရေးပေါ် အခြေအနေ ကြေညာခြင်းနှင့် ယင်းနောက်ပိုင်းတွင် ရွေးကောက်ခံပြည်သူ့ အစိုးရ အပေါ် အရေးယူမှုများ နှင့် ပတ်သက်၍အလွန်အမင်းစိုးရိမ်ကြောင်း၊
- အာဆီယံအဖွဲ့၏ အဓိကအခန်းကဏ္ဍနှင့် မြန်မာနိုင်ငံနှင့် ပတ်သက်၍ အပြုသဘော ဆက်လက်ထိတွေ့နေသည့် အပေါ် ခိုင်မာစွာထောက်ခံကြောင်းနှင့် အာဆီယံ အတွင်းရေးမှူးချုပ်၏ ၁-၂-၂၀၂၁ရက်နေ့ နှင့် ၂-၃-၂၀၂၁ ရက်နေ့ တို့တွင် ထုတ်ပြန်ချက်များကို ကြိုဆိုကြောင်း၊
- ငြိမ်းချမ်းစွာဆန္ဒပြသူများနှင့် ပြည်သူများအား သေကြေဒဏ်ရာရှိသည်အထိ အကြမ်းဖက် ဖြိုခွင်းမှုများကို ပြင်းထန်စွာ ရှုတ်ချကြောင်းနှင့် ဆေးဝန်ထမ်းများ၊ ဂျာနယ်လစ်များ အပါအဝင်ပြည်သူများအပေါ် ကန့်သတ်မှုများနှင့် ပတ်သက်၍ အလွန်စိုးရိမ်ကြောင်း၊
- မြန်မာနိုင်ငံအတွင်းရှိ ပြည်ပနိုင်ငံသားများ၏ လုံခြုံရေးနှင့် အခွင့်အရေးများကို စိုးရိမ် ကြောင်း၊
- ရိုဟင်ဂျာများအပါအဝင် တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးနှင့် ပတ်သက်၍ စိုးရိမ်ကြောင်း၊ လက်ရှိဖြစ်ပေါ်တိုးတက်မှုများသည် ရိုဟင်ဂျာ လူနည်းစုများ နှင့် ပြည်တွင်း ရွှေ့ပြောင်းသွားလာသူများအနေဖြင့် မူလနေရပ်သို့ လုံခြုံဂုဏ်သိက္ခာရှိစွာ ဆန္ဒအလျောက် ပြန်လာနိုင်ရေးအတွက်

အရေးကြီးစိန်ခေါ်မှုများ ဖြစ်စေကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်တွင်း ပဋိပက္ခများနှင့်ပတ်သက်၍ အခြေခံ အကြောင်းရင်း များကို ဖြေရှင်းရန်လိုအပ်ကြောင်းနှင့် မြန်မာစစ်တပ်အနေဖြင့် ရိုဟင်ဂျာ နှင့် အခြားတိုင်းရင်းသား လူနည်းစုများကို နေရပ်ပိုမိုစွန့်ခွာစေသည့် အရေးယူ ဆောင်ရွက်ချက်များ မပြုလုပ်စေရေးတို့မှာ အရေးကြီးကြောင်း၊

- မြန်မာပြည်သူများ အားထောက်ခံပြီး မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ၊ နိုင်ငံရေးလွတ်လပ်ခွင့်၊ နယ်နိမိတ်သတ်မှတ်ချက်နှင့် စည်းလုံးညီညွတ်မှုတို့နှင့် ပတ်သက်၍ ခိုင်မာသည့် ကတိကဝတ်တို့ကို ထပ်လောင်းပြောကြားလျက် -

  ၀ သို့ဖြစ်၍ ၂၀၂၀ပြည့်နှစ်ရွေးကောက်ပွဲရလဒ်များတွင် ဖော်ပြနေသည့် ပြည်သူ များ ၏ ဆန္ဒကိုလေးစားရန်၊ အရေးပေါ်ကြေညာထားခြင်းကို ရုပ်သိမ်းရန် နှင့် ပြည်သူအားလုံး၏ လူ့အခွင့်အရေးကိုလေးစားရန် မြန်မာ့တပ်မတော်ကို တိုက်တွန်း ကြောင်း၊

  ၀ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တို့ အပါအဝင် မတရားဖမ်းဆီး ထိန်းသိမ်းထားသူ များကို ချက်ချင်းနှင့်ခြွင်းချက်မရှိ လွှတ်ပေးရန်၊ မြန်မာနိုင်ငံအနေဖြင့် ၂၄-၄-၂၀၂၁ ရက်နေ့ တွင် ပြုလုပ်ခဲ့သည့် အာဆီယံအစည်းအဝေးမှ သဘော တူညီချက် (၅) ရပ် ကို အကောင်အထည်ဖော်ရန်တိုက်တွန်းကြောင်း၊

  ၀ မြန်မာနိုင်ငံအနေဖြင့်၂၄-၄-၂၀၂၁ ရက်နေ့ တွင် ကျင်းပခဲ့သည့် အာဆီယံ ခေါင်းဆောင်များ အစည်းအဝေးတွင် တူညီဆန္ဒဖြင့် ချမှတ်ခဲ့သည့် အချက် (၅) ချက် ကို အမြန်ဆုံးအကောင်အထည်ဖော်ရန် တိုက်တွန်းကြောင်း၊ မြန်မာနိုင်ငံ အတွင်းရှိ သက်ဆိုင်သူများအနေဖြင့် အာဆီယံနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူး ကိုယ်စားလှယ်တို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ထောက်ခံတိုက်တွန်းပါကြောင်း၊

- မြန်မာစစ်တပ်အနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် အပြည့်အဝနှင့် ချက်ချင်းပူးပေါင်းဆောင်ရွက်၍ အထူးကိုယ်စားလှယ်၏ ခရီးစဉ်ကို ချက်ချင်း ဆောင်ရွက်ပေးရန်၊ ကုလသမဂ္ဂ နှင့် အခြားလူ့အခွင့်အရေးယန္တရားများ အနေဖြင့် ၎င်းတို့ အပေါ် တိုက်ခိုက် လက်တုံ့ပြန် အရေးယူမှုများကို စိုးရိမ်ရန်မလိုဘဲ အတားအဆီးမရှိ ဆက်သွယ် သွားရောက်ခွင့်ပေးရန်တိုက်တွန်းကြောင်း၊

- ဖမ်းဆီးထိန်းသိမ်းခံရသူများအပါအဝင် လိုအပ်သူများ အားလုံးအတွက် လုံခြုံ၍ အကန့်အသတ်မရှိသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီ ပေးရန် တိုက်တွန်းကြောင်း၊

- ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၅၃၂ ဖြင့် ထောက်ခံခဲ့သည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကမ္ဘာလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး မေတ္တာရပ်ခံချက်နှင့် အညီ အကြမ်းဖက်မှုများကို လျှော့ပါးစေရေး လိုအပ်ကြောင်းနှင့် ယင်းအတွက် မြန်မာနိုင်ငံအတွင်းသို့ လက်နက်စီးဆင်းမှုကို ကာကွယ်တားဆီးရန် အဖွဲ့ဝင်နိုင်ငံများကိုတိုက်တွန်းကြောင်း၊